FREEDOM OF EXPRESSION
ACTIVIST ORGANIZATION

၂၃ ရက်၊
ဇွန်လ
၂၀၁၉

# ဆက်သွယ်ရေးဥပဒေ အမှု (၂၀၀ ) ပြည့် အထူးလေ့လာသုံးသပ်ချက်

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

## <u>ဥပဒေနောက်ခံ</u>

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကြီးအကျယ် အဟန့်အတားဖြစ်စေသည့် ဥပဒေများထဲက တစ်ခုဖြစ်သော ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများသည် ယခုအချိန်တွင် အမှု ၂၀၀ အထိ ရှိခဲ့ပြီဖြစ်ပြီး စုစုပေါင်း ၂၄၆ ဦး တရားစွဲဆိုခံခဲ့ရသည်။

မြန်မာနိုင်ငံအတွက် အသစ်ဖြစ်သော ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ထောင်စုလွှတ်တော်ကစတင်ပြဋ္ဌာန်းခဲ့သည်။ ၎င်းကိုအသုံးချရန်ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံထားသည့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများကို ထိန်းချုပ်နိုင်ရန်နှင့် နိုင်ငံ၏ ဆက်သွယ်ရေးစနစ်များကို ထိန်းချုပ်နိုင်ရန် ဖြစ်ခဲ့သည်။


၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအကြိုကာလမှ စတင်ကာ ဥပဒေသည် ယင်း၏မူလ ရည်ရွယ်ချက်မှ စွန့်ခွာ၍ ပြည်သူများ၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်တားဆီးလာခဲ့သည်။ အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်တို့ကစ၍ နာမည်ကျော်ကြားသည့် အနုပညာရှင်များအထိ တိုင် ယင်းဥပဒေကို ကိုင်စွဲကာ ပြည်သူများကို တရားစွဲဆိုခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကြီးအကျယ် ချိုးဖောက်လျှက်ရှိနေသည်။

ဆက်သွယ်ရေးဥပဒေ
**အမှု ၂၀၀**
**ပြည့်သွားပြီ**

*သုတေသနထုံး ။ ။ အသံအဖွဲ့သည် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခြင်း အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများကို လေ့လာမှတ်တမ်းတင်လျှက်ရှိသည်။ အဆိုပါမှတ်တမ်းများကို ပြန်လည်ဆန်းစစ်၍ ကောက်ချက်ချမှုများ ဂရုတစိုက်လုပ်ဆောင်ကာ ဤသုတေသနစာစောင်အား ပြုစုထားခြင်း ဖြစ်သည်။ တစ်ဆက်တည်းသော အမှုတွဲစောင့်ကြည့်မှုများ၊ တစ်ဆက်တည်း မဟုတ်သော တရားရုံးစောင့်ကြည့်မှုများ၊ သက်ဆိုင်သူများကို သုတေသနအင်တာဗျူးမေးမြန်းမှုများ၊ ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း တို့မှရရှိလာသော အချက်အလက်များကို ကောက်ချက်ချမှု ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားထားပါသည်။*

## ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများ

ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများမှာ ယင်းဥပဒေသက်တမ်းအတွင်း အမှု ၂၀၀ ရှိသွားပြီဖြစ်သည်။ စုစုပေါင်း ၂၄၆ ဦး တရားစွဲဆိုခံခဲ့ရပြီး အချို့မှာ အကျဉ်းထောင်တွင် အကျဉ်းကျခံနေရဆဲဖြစ်၍ အချို့မှာ တရားရင်ဆိုင်နေရဆဲဖြစ်သည်။ တရားစွဲဆိုလေ့ရှိသူများမှာ အစိုးရ၊ တပ်မတော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးသမားများဖြစ်ကြပြီး တရားစွဲဆိုခံရသူ အများစုတို့မှာ သာမာန်ပြည်သူများ၊ မီဒီယာ၊ တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ စသည်တို့ဖြစ်ကြသည်။



ပုံ: အမျိုးအစားအလိုက် တရားစွဲဆိုခံခဲ့ရသူများ


လက်ရှိတရားရင်ဆိုင်နေရဆဲ ပုဂ္ဂိုလ်များတွင် ဦးမင်းထင်ကိုကိုကြီးလည်းပါရှိသည်။ ဦးမင်းထင်ကိုကိုကြီးသည် လူ့အခွင့်အရေးနှင့်လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော် (မြန်မာ)၏ တည်ထောင်သူတစ်ဦးဖြစ်ပြီး ကဗျာဆရာ၊ ရုပ်ရှင်ဒါရိုက်တာတစ်ဦးလည်းဖြစ်သည်။ ဦးမင်းထင်ကိုကိုကြီး၏ ကျန်းမာရေးအခြေအနေမှာ ထောင်ထဲတွင် နေထိုင်ပါက အလွန်အန္တရာယ် ရှိသည့်တိုင် ၎င်းအား အာမခံပေးရန် တရားရုံးက ငြင်းဆန်ခဲ့သည်။ ဦးမင်းထင်ကိုကိုကြီးသည် တပ်မတော်အား ဝေဖန်ခဲ့သဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ တပ်မတော်က ၎င်းအား တရားစွဲဆိုရာတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ - ၆၆(ဃ) အပြင် ရာဇသတ်ကြီး ပုဒ်မ - ၅၀၅(က) ဖြင့်ပါ အမှုဖွင့်ထားသည်။



*ဓာတ်ပုံ - MPA*

ဆက်သွယ်ရေးဥပဒေ၏ အကျိုးရလဒ်ကို နက်ရှိုင်းစွာ သိရှိနားလည်နိုင်ရန်အတွက် အမှုတစ်ခုချင်းစီအလိုက် အမျိုးအစားခွဲကာ လေ့လာသုံးသပ်ခဲ့ပါသည်။ အမျိုးအစားခွဲခဲ့ရာတွင် နိုင်ငံရေးအရဝေဖန်ပြောဆိုမှုကဲ့သို့သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများ၊ လူမှုရေးပြဿနာမှတဆင့် မကျေနပ်ခြင်း၊ အချင်းများခြင်းတို့ကြောင့် တရားစွဲဆိုကြသည့် လူမှုရေးပြဿနာများ၊ ပြစ်မှု (သို့) ရာဇဝတ်မှုသဘော ကျူးလွန်ခဲ့ပြီး သက်ဆိုင်ရာဥပဒေဖြင့်သာ တားမြစ်ရမည့် အပြုအမူများ နှင့် အခြားတို့ကို အုပ်စုခွဲကာ လေ့လာခဲ့ပါသည်။ ထိုအုပ်စုများကို ယေဘုယျပြ၍သော်လည်းကောင်း၊ အုပ်စုတစ်ခုချင်းစီတွင် ပါဝင်သော အချက်များကို အသေးစိတ်တွက်ချက်၍သော်လည်းကောင်း နှစ်ခုလုံးအား ဖော်ပြထားပါသည်။

**၇၀.၅ ရာခိုင်နှုန်း** သော တရားစွဲဆိုမှုများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ကာကန့်သတ်ကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

| | |
|---|---|
| လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများ | ၁၄၁ မှု |
| လူမှုရေးပြဿနာများ | ၁၆ မှု |
| အခြားဥပဒေများဖြင့်သာတားမြစ်ရမည့်အပြုအမူများ | ၃၅ မှု |
| အခြားနှင့် မသိရ | ၈ မှု |





# အစိုးရကိုဝေဖန်၍တရားစွဲဆိုခံရမှုများနှင့် အစိုးရက တရားစွဲဆိုမှုများ

ဆက်သွယ်ရေးဥပဒေနှင့်တရားစွဲဆိုမှု စုစုပေါင်း အမှု ၂၀၀ တွင်

အစိုးရကိုဝေဖန်၍တရားစွဲဆိုခံရမှုနှင့် အစိုးရက တရားစွဲဆိုမှုများမှာ စုစုပေါင်း **၄၇ မှု** ရှိခဲ့သည်။


စုစုပေါင်းတရားစွဲဆိုခံရသူ ၂၄၆ ဦးတွင်

အစိုးရကိုဝေဖန်၍ နှင့် အစိုးရကတိုင်ကြား၍ တရားစွဲဆိုခံသူ စုစုပေါင်း **၆၀ ဦး** ရှိခဲ့သည်။

---

*အဆိုပါပမာဏသည် တရားစွဲဆိုခံရမှု စုစုပေါင်း၏ ၄ ပုံ ၁ ပုံ ဖြစ်သည်။*

*၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ မှတ်တမ်းတင်ရရှိသော အချက်အလက်များ*




*■ ၂၇ မှု – အစိုးရအဖွဲ့ဝင်များ / ဝန်ထမ်းများကတိုက်ရိုက်တရားစွဲဆိုမှုများ*

*■ ၈ မှု – ရဲတပ်ဖွဲ့ဝင်များက တရားလိုလုပ် တိုင်ကြားမှုများ*

*■ ၅ မှု – အစိုးရထောက်ခံသူအရပ်သားများက ကြားမှတရားစွဲဆိုမှုများ*

*■ ၇ မှု – အစိုးရကိုဝေဖန်သဖြင့် အာဏာရပါတီက တရားစွဲဆိုမှုများ*




*၁၀ ဦးသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဝေဖန် ရေးသားမိသည့်အတွက် တရားစွဲဆိုခံခဲ့ရသည်။*




*၂၃ ဦးသည် သတင်းနှင့် ဖြစ်ရပ်မှန် ရေးသားခြင်း၊ ဥပဒေမဲ့ လုပ်ရပ်များကို ဖော်ထုတ်ရေးသားခြင်းတို့ အတွက် တရားစွဲဆိုခံခဲ့ရသည်။*





*၁၉ ဦးသည် နိုင်ငံရေး ဝေဖန် ရေးသားမှုများ ပြုလုပ်ခဲ့သည့် အတွက် တရားစွဲဆိုခံခဲ့ရသည်။*

# တပ်မတော်ကိုဝေဖန်ရေးသား၍ တရားစွဲဆိုခံခဲ့ရသည့်အမှုများ




ဆက်သွယ်ရေးဥပဒေအမှုများတွင် တပ်မတော်က တရားစွဲဆိုခဲ့သည့် အမှုများ စုစုပေါင်း **၂၁ မှု** ရှိပြီး **၃၇ ဦး** တရားစွဲဆိုခံခဲ့ရသည်။


**သတင်းမီဒီယာ ၈ ဦး** သည် သတင်းရေးသား၍သော်လည်းကောင်း၊ **တက်ကြွလှုပ်ရှားသူ ၁၂ ဦး** သည် တပ်မတော်အားဝေဖန်ရေးသား၍ သော်လည်းကောင်း ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။





တပ်မတော်ကိုဝေဖန်သဖြင့် တရားစွဲဆိုခံရမှုများတွင် အများစုသည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဝေဖန်ရေးသားခဲ့ကြသည်ဟု တွေ့ရှိရပါသည်။ ဆက်သွယ်ရေးဥပဒေပြင်ဆင်ပြီး နောက်ပိုင်းတွင် ကြားလူကတရားစွဲဆိုခွင့်မရှိသော်လည်း ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင် မဟုတ်သည့် အရာရှိများက တရားစွဲဆိုနေကြသည်။



# ဒေသအလိုက်တရားစွဲဆိုခံရမှုများ







ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခံရမှု အမြင့်ဆုံး ဒေသမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး ချင်းပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများ မရှိခဲ့သည်ကို တွေ့ရှိရပါသည်။

## ဆက်သွယ်ရေးဥပဒေအသုံးပြုမှုအမြင့်ဆုံးမြို့နယ်

ဆက်သွယ်ရေးဥပဒေကို အသုံးပြု၍ တရားစွဲဆိုမှု အမြင့်ဆုံးမြို့နယ်မှာ ပဲခူးမြို့နယ် ဖြစ်ပြီး ဒုတိယအမြင့်ဆုံးမြို့နယ်မှာ တာမွေမြို့နယ် ဖြစ်သည်။


သတင်းဂျာနယ် ၄ ဦး တရားစွဲဆိုခံခဲ့ရခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုဝေဖန်သဖြင့် ကြားလူမှတရားစွဲဆိုခြင်းအပါအဝင် ပဲခူးမြို့နယ်တွင် ဆက်သွယ်ရေးဥပဒေ အမှု ၁၁ မှု ပေါ်ပေါက်ခဲ့ပါသည်။

လူပုဂ္ဂိုလ်(သို့)အဖွဲ့အစည်းအား ဝေဖန်သဖြင့် တရားစွဲဆိုခံရမှု ၅ မှုအပါအဝင် ဆက်သွယ်ရေးဥပဒေဖြင့်တရားစွဲဆိုမှု ၁၀ မှု တာမွေမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။




*ပုံ: ဆက်သွယ်ရေးဥပဒေဖြင့်တရားစွဲဆိုခံရမှု အချိန်ဇယား*
*(အမှုစတင်ပေါ်ပေါက်သည့် အချိန်ကာလကို အတည်မပြုနိုင်သော ၁၆ မှုအား ချန်လှပ်ထားပါသည်။)*

## ဥပဒေအား လွှတ်တော်တွင်ပြင်ဆင်ခဲ့ခြင်း




တက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ၏ စည်းရုံးလှုံ့ဆော်မှုများ၊ တွန်းအားများကြောင့် ဆက်သွယ်ရေးဥပဒေကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြင်ဆင်ခဲ့ပါသည်။ ပြင်ဆင်ချက်မူကြမ်း၏ အကြီးမားဆုံး အားနည်းချက်မှာ ပုဒ်မ - ၆၆(ဃ) ကို မဖျက်သိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အခြားသော အကြံပြုသူ အရပ်သားများ ထောက်ပြသည့် အချက်များကိုလည်း လွှတ်တော်မှ မပြင်ဆင်ခဲ့ခြင်းကို တွေ့ရှိရသည်။

## အကြံပြုချက်များ

၁။ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆(ဃ)၊ ၆၈(က)၊ ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့ကို အပြီးတိုင် ဖျက်သိမ်းသင့်ပါသည်။

၂။ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၇၅ နှင့် ပုဒ်မ ၇၆ တို့ကို ပြန်လည် သုံးသပ်ပြင်ဆင်သင့်ပါသည်။

၃။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့်ဆိုင်ဘာဥပဒေတစ်ခု အမြန်ဆုံးပေါ်ပေါက်လာရန် ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကိုရယူကာ လွှတ်တော်က ဖော်ဆောင်သင့်ပါသည်။

၄။ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့အပေါ် ဝေဖန်ပြောကြားမှုများနှင့် စပ်လျဉ်း၍ ပြည်သူများအပေါ် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားမှုများကို အမြန်ဆုံး ပြန်လည် ရုတ်သိမ်းပေးသင့်ပါသည်။